# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ

## စိုက်ပျိုးရေး မွေးမြူရေး နှင့် ဆည်မြောင်း ဝန်ကြီးဌာန

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန

## မြောင်မြို့နယ်

## လူထုဗဟိုပြုစီမံကိန်း( တတိယနှစ်စက်ဝန်း)

## National Community Driven Development Project



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)


ဇရပ်ကုန်းကျေးရွာအုပ်စု၊ ငါးမြောင်တောင်ကျေးရွာ

၂၆၊ စက်ဘာလ၊၂၀၁၇ခုနှစ်(မြောင်မြို့နယ်)

# မာတိကာ

၁။မြို့နယ်မြေပုံ
၂။ကျေးရွာမြေပုံ(တည်နေရာ)
၃။အုပ်စုတွင်ပါဝင်သော ကျေးရွာများ စာရင်း
၄။ကျေးရွာအခြေခံအချက်အလက်များ
၅။လူထုပူပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA) အကျဉ်းချုပ်
၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ
၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်း ဓါတ်ပုံများ
၈။ကျေးရွာအချက်အလက်(ပုံစံ-၁)
၉။စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂)
၁၀။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃)
၁၁။အစည်းအဝေးမှတ်တမ်းများ
၁၂။ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

## ၁။မြို့နယ်မြေပုံ


မြောင်မြို့နယ်၏ အခြေပြမြေပုံ
စကေး ၁ လက်မ = ၂ မိုင်
33/11 KV,5MVA
ချောင်းဦးခွဲရုံ
70 mm²
1KV မြင်းမူ - မြောင်လိုင်း
95 mm²
စစ်ကိုင်းတိုင်းဒေသကြီး
ချောင်းဦးမြို့နယ်
မြင်းမူမြို့နယ်
ပါခုက္ကူမြို့နယ်
မန္တလေးတိုင်းဒေသကြီး
မြင်းခြံမြို့နယ်
ရေစကြိုမြို့နယ်
မကွေးတိုင်းဒေသကြီး
66KV ဆီမီးခုံ - ပရိမ္မလိုင်း
ACSR 150 mm²
ရည်ညွှန်းချက်
- တိုင်းခြား
- မြို့နယ်ခြား
- ကျေးရွာအုပ်စုခြား
- မြို့ပေါ်ရပ်ကွက်(၄)ရပ်ကွက်
- ကျေးရွာအုပ်စု (၄၈)အုပ်စု
- ကျေးရွာ (၈၁)ရွာ
- ကတ္တရာလမ်း
- ကျောက်ခင်းလမ်း
- မီးရထားလမ်း (၂)မိုင်
- မြစ်/ချောင်း
- မြို့နယ်ထွေ/အုပ်ရုံး
- မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်း (၃)ခု
- ရဲကင်းများ (၆)ခု

၂။ ကျေးရွာမြေပုံ (တည်နေရာ)



၃။အုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်း

(၁) ဇရပ်ကုန်းကျေးရွာ

(၂) ငါးမြောင်တောင်ကျေးရွာ

၄။ကျေးရွာအခြေခံအချက်အလက်များ

ငါးမြောင်တောင်ကျေးရွာကို နှစ်ပေါင်း (၇၀) ခန့်မှ စတင်၍ ရွာတည်ခဲ့ပါသည်။ ပုဂံခေတ် မဏိစည်သူ မင်းလက်ထက်တွင် တောင်၏အမည် ငါးကောင်တောင် ကို အကြောင်းပြု ၍ ငါးကောင်တောင် ရွာ ဟုခေါ်တွင်ခဲ့ဖူးပါသည်။ ခေတ်ကာလ ကြာလာသောအခါ ငါးမြောင်တောင် ရွာ ဖြစ်လာပါသည်။ ငါးမြောင်တောင် ရွာသည် မြောင်မြို့ မှ (၈ ) မိုင်ခန့်ကွာဝေးပြီး ရွာချင်းဆက်လမ်းများ မှာ ဂျင်းလမ်းများ ဖြစ်၍ ရွာတွင်းလမ်းများမှာ မြေသားလမ်းများ ဖြစ်ပါသည်။ စိုက်ပျိုးရေး နှင့် မွေးမြူ ရေး အနည်းငယ် လုပ်ကိုင် ပြီး ဝင်ငွေ အသင့်အတင့်ပြေလည်ကြပါသည်။ ဘာသာတရားကိုင်းရှိုင်းပြီး စည်းလုံးညီညွတ်၍ ရွာသူရွာသား အချင်းချင်း ရိုင်းပင်းကူညီကြပါသည်။

**ကျေးရွာတွင်းရှိ စုစုပေါင်းအိမ်ထောင်စု နှင့် လူဦးရေ**

| အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|
| ၂၆၄ | ၅၄၉ | ၆၅၅ | ၁၂၀၄ |

**လူနည်းစုလူမျိုးစုအိမ်ထောင်စု**

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| | | | | |

**ထိခိုက်လွယ်အုပ်စု**

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီးရွယ်အို | ၅၂ | ၂၂ | ၃၃ | ၅၅ |
| အမျိုးသမီးဦးဆောင် | ၃၁ | ၁၅ | ၇၂ | ၈၇ |
| မသန်စွမ်း | ၅ | ၂ | ၃ | ၅ |
| မြေယာမဲ့ | ၂၀ | ၂၅ | ၃၉ | ၆၄ |

**ကျေးရွာရှိအခြေခံ အဆောက်အအုံများ**

| ပညာရေး | ဖြစ်ပါ | ကျန်းမာရေး | ဖြစ်ပါ | ဘာသာရေး | |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | - | ဆေးရုံ | - | ဘုရား/စေတီ | √ |
| အလယ်တန်းကျောင်း | √ | ကျန်းမာရေးဌာန | - | ဘုန်းကြီးကျောင်း | √ |
| မူလတန်းကျောင်း | - | ကျန်းမာရေးဌာနခွဲ | - | ဟိန္ဒူဘုရားကျောင်း | - |
| မူကြိုကျောင်း | - | ဆေးခန်း | √ | ခရစ်ယန်ဘုရားကျောင်း | - |
| အခြား | - | အခြား | - | ဗလီ | - |
| မှတ်ချက်<br>မူလွန်ကျောင်း | | မှတ်ချက် | | မှတ်ချက် | |

**အဓိကစီးပွားရေးလုပ်ငန်းများ**

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| ဖရဲ | ကြက် | ထွန်စက် | လက်လုပ်လက်စား |
| ပဲအမျိုးမျိုး | ဝက် | ချွေလှေ့စက် | ပြောင်းရွှေ့လုပ်သား |
| နှမ်း | နွား | ဈေးဆိုင် | |
| ခရမ်းချဉ် | သိုး | အမှုန့်ကြိတ် | |
| ငရုတ် | ဆိတ် | မြေပဲခွဲစက်၊ ဆီစက် | |

**ကျေးရွာတွင်းအဓိက ပိုင်ဆိုင်မှုများ**

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးရေး | စားကျက်မြေ | သစ်တောမြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေကန် |
|---|---|---|---|---|---|---|
| အရေအတွက် | ၁၆၀၀ | - | ၁၀ ဧက | ရှိ | ၃ | ၁၇ |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | ဆီစက် | ချွေလှေ့စက် | ပဲခွဲစက် | ဈေးဆိုင် |
| အရေအတွက် | ၂ | ၁၁ | ၁ | ၉ | ၄ | ၅ |

**ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ**

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | ၁၇ | ၂၀၀ | ၂၀၀ | - | ၅၀၀ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝွန်ဒေါင်း | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |
| အရေအတွက် | ၁ | ၂၇၀ | ၆ | ၃၃ | ၁၄ |

**အခြား ကျေးရွာရှိအသုံးပြုနိုင်သော အရင်းအမြစ်/အချက်အလက်များ**

| အရင်းအမြစ် | ဆေးခန်း | အလက/အထက/အမက | ဈေး | ကျွမ်းကျင်လုပ်သား | လုပ်သား | မြေတူးစက် | လမ်းကြိတ်စက် |
|---|---|---|---|---|---|---|---|
| အရေအတွက် | ၁ | ၁ | - | ၆ | ၃၃ | - | - |

**၅။လူထုပူပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA) အကျဉ်းချုပ်**

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုစီးပွားအဆင့် သတ်မှတ် ခြင်း(Wealth Ranking) | ၂၅.၉.၁၇ | ချမ်းသာ၊ အလယ်အလတ် နွမ်းပါး၊အနွမ်းပါး ဆုံး၊ရပ်မိရပ်ဖ၊ လူငယ်အုပ်စု | ၅၁ | ၈၃ | ၁၃၃ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသ တ်<br>မှတ်နိုင်ရေးအတွက်အခြေခံစံနှုန်းများ သတ်မှတ်ခြင်း<br>ကျေးရွာသားများနှင့်အများသဘောတူ သတ်မှတ်ခြင်း |
| ၂ | ရာသီခွင်ပြ ပြက္ခဒိန် (Seasonal Calendar) | ၂၅.၉.၁၇ | ချမ်းသာ၊အလယ် အလတ်၊နွမ်းပါး အနွမ်းပါးဆုံး (အုပ်စု ၁) | ၅၁ | ၈၃ | ၁၃၃ | ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊နေ့စားလုပ် ငန်းများ၊မွေးမြူရေးလုပ်ငန်း များ၊ အစားအစာရရှိမှုများနှင့်ပွဲတော်များ |
| ၃ | ကျေးရွာလူမှုရေး နှင့် အရင်းမြစ်ပြ မြေပုံ ( Social & Resorce Map) | ၂၅.၉.၁၇ | ရပ်မိရပ်ဖများ၊ ချမ်းသာ၊အလယ် အလတ်၊နွမ်းပါး၊ အနွမ်းပါးဆုံး (အုပ်စု ၂) | ၅၁ | ၈၃ | ၁၃၃ | အိမ်များ၊အခြေခံအဆောက်အဦးများ၊ လမ်းပန်းဆက်သွယ်ရေး၊ လယ်ယာမြေများ၊မြစ်ချောင်းများ၊ |
| ၄ | ကျေးရွာအဖွဲ့အ စည်းချိတ်ဆက်မှု (Venn Diagram) | ၂၅.၉.၁၇ | ချမ်းသာ၊အလယ် အလတ်၊နွမ်းပါး၊ အနွမ်းပါးဆုံး ရပ်မိရပ်ဖ၊ လူငယ်အုပ်စု (အမျိုးသား/ သမီး)ပေါင်း | ၅၁ | ၈၃ | ၁၃၃ | ကျေးရွာတွင်းရှိအဖွဲ့အစည်းများမည်သို့ သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့ များချိတ်ဆက်လုပ်ကိုင်မှု |
| ၅ | ပင့်ကူအိမ် ကွန်ယက် (Spider Web) | ၂၅.၉.၁၇ | ချမ်းသာ၊အလယ် အလတ်၊နွမ်းပါး၊ အနွမ်းပါးဆုံး ရပ်မိရပ်ဖ၊ လူငယ်အုပ်စု (အမျိုးသား/ သမီး)ပေါင်း | ၅၁ | ၈၃ | ၁၃၃ | အမျိုးသားနှင့်အမျိုးသမီးများတန်းတူ အခွင့်အရေးရရှိမှုနှင့်မရရှိသည့် အကြောင်းအရင်းများ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆ | အမျိုးသား/သမီး ပိုင်ဆိုင်မှုပြဇယား | ၂၅.၉.၁၉ | ချမ်းသာ၊အလယ် အလတ်၊နွမ်းပါး၊ အနွမ်းပါးဆုံး ရပ်မိရပ်ဖ၊ လူငယ်အုပ်စု (အမျိုးသား/ သမီး)ပေါင်း | ၆ | ၄ | ၄၄ | အမျိုးသား/သမီး တို့၏ အရင်းအမြစ် အပေါ် မည်သူ ကပို၍ အသုံးပြု နေကြ သည်ကို ဖော်ထုတ်ခြင်း၊ |
| ၇ | ကျေးရွာ၏(၅)နှစ် စာဦးစား ပေးအစီအစဉ်ပြ ဇယား (Matric Ranking) | ၂၅.၉.၁၉ | ချမ်းသာ၊အလယ် အလတ်၊နွမ်းပါး၊ အနွမ်းပါးဆုံး ရပ်မိရပ်ဖ၊ လူငယ်အုပ်စု (အမျိုးသား/ သမီး)ပေါင်း | ၆ | ၄ | ၄၄ | အကျိုးပြဦးရေ၊အကျိုးခံစားခွင့်နှင့် အဓိကလိုအပ်ချက်များပေါ် မူတည်၍ ဆုံးဖြတ်သည်။ |


## ၆.၁။ကျေးရွာ၏လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း။(Wealth Ranking)

| အဆင့် | အခြေခံစံနှုန်းများ/ညွှန်းကိန်းများ | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|
| အချမ်းသာဆုံး | စိုက်ပျိုးမြေ(၁၅)ကေ၊လယ်ထွန်စက်၊နွား(၂)ကောင်၊ တိုက်(အိမ်) | ၁၂ | ၄.၅% |
| အသင့်အတင့်ချမ်းသာ | စိုက်ပျိုးမြေ(၇)ကေ၊နွား(၂)ကောင် ပျဉ်နှစ်ထပ်အိမ်(အိမ်) | ၁၂၁ | ၄၆% |
| အသင့်အတင့်နွမ်းပါး | စိုက်ပျိုးမြေ(၂)ကေ၊ မွေးမြူရေး ပျဉ်တစ်ထပ်အိမ် (အိမ်) | ၇၇ | ၂၉% |
| အနွမ်းပါးဆုံး | လယ်ယာမြေမရှိ၊လက်လုပ်လက်စား ထန်းလက်မိုး၊ထန်းလက်ကာ (အိမ်) | ၅၄ | ၂၀.၅% |
| စုစုပေါင်း | | ၂၆၄ | ၁၀၀% |

**သုံးသပ်ချက်**

- အနွမ်းပါးဆုံးအိမ်ထောင်စုများသည် ဖရဲခင်းများ၊သခွားခင်းများတွင် တိုင်စိုက်၊ကြိုးချီ၊ ဆေးဖျန်း၊ ပေါင်းနုတ်လုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ ဝင်ငွေမှာ အမျိုးသား(၅၀၀၀) ကျပ်နှင့် အမျိုးသမီး (၄၀၀၀)ကျပ်ရရှိပါသည်။
- ကျေးရွာတွင် အနွမ်းပါးဆုံးအိမ်ထောင်စု (၅၄) စုရှိသည်။ လက်လုပ်လက်စားများ ဖြစ်ပြီး ပိုင်ဆိုင်မှု မြေဧကများ မရှိသောကြောင့် နွမ်းပါးပါသည်။
- ကျေးရွာဖွံ့ဖြိုးရေးအစီစဉ်ရေးဆွဲရာတွင် အနွမ်းပါးဆုံးသူများ ပါဝင်ရေးဆွဲနိုင်ရန် ပြုလုပ်ပေးပြီး လုပ်ငန်းစဉ်ရေးဆွဲရာတွင်လည်း ထိုအုပ်စုများ လုပ်ငန်းခွင်တွင် ဝင်ရောက်လုပ်ကိုင်နိုင်ရန် ဆွေးနွေးမည်။


## ၆.၂။ရာသီခွင်ပြ ပြက္ခဒိန်နှင့် သုံးသပ်ခြင်း



## သုံးသပ်ချက်

- အသက်မွေးဝမ်းကြောင်းလုပ်ငန်းအတွက် နွားမွေးမြူရေး နှင့် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ကြသည်။ ပဲတီးစိမ်း၊ ပဲစိမ်းငုံ၊ ခရမ်းချဉ်၊ ငရုတ်၊ ဖရဲ နှင့် နှမ်းစသည့် သီးနှံများလည်း စိုက်ပျိုးသည်။ မိုးများ၊မိုးခေါင်သောနှစ်များတွင် သီးနှံများအထွက်နှုန်းလျော့ပြီး မှိုပိုးများ ကျလေ့ရှိသည်။ ထိုနှစ်များတွင် စိုက်ပျိုးရေးစရိတ် အရမ်းများသောကြောင့် တောင်သူများ အမြတ်ငွေနည်းပြီး လက်လုပ်လက်စားများ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသည်။
- စိုက်ပျိုးရေးမှအဓိက ဝင်ငွေရပြီး လက်လုပ်လက်စားများ အတွက်တစ်ရက်ဝင်ငွေမှာ အမျိုးသား (၅၀၀၀) နှင့် အမျိုးသမီး (၄၀၀၀) ရရှိသည်။ အမျိုးသားဦးဆောင်သော အိမ်ထောင်စုများမှာ ဝင်ငွေပိုများပြီး အမျိုးသမီးများမှာ အလုပ်အကိုင်အခွင့်အလမ်းရှားပါးမှုနှင့် တောင်သူလုပ်ငန်း ကိုအဓိကထားလုပ်ကိုင်ရသောကြောင့်ပုံမှန်ဝင်ငွေမရှိကြပါ။ အမျိုးသမီးများမှာ အမျိုးသား များနှင့်တန်းတူလုပ်အားခ မရရှိရခြင်းမှာ ရှေးရိုးအယူအဆများနှင့် လုပ်အားတူညီစွာ မလုပ် နိုင်သောကြောင့်ဖြစ်သည်။ ရွာတွင်အလုပ်မရှိသော လက်လုပ် လက်စားများမှာ ရွာနှင့် (၃) မိုင်ခန့်ဝေးသော ချောင်းဦးမြို့နယ် မင်းခေါင်ကျေးရွာ ဖရဲ၊ သခွားခင်းများဘက်သို့သွားပြီး သခွား ကြိုးချည် စသည့်လုပ်ငန်းများလုပ်သည်။ တစ်ရက်ဝင်ငွေ (၈၀၀၀/ ၁၀၀၀၀) ရရှိသည်။ သခွားဈေးကွက်နှင့် မိုးလေဝသပေါ်မူတည်၍ အလုပ်ရရှိခြင်းဖြစ်သည်။
- မွေးမြူရေးလုပ်သည့် အိမ်ထောင်စု (၂၅၀)ရှိပြီး အမျိုးသမီးပါဝင်မှု ၈၀% ရှိသည်။ ရာသီဥတု ဆိုးဝါး၍ အစာရေစာရှားပါးသော နှစ်များတွင် နွားမွေးမြူရေးသမားများမှာ ကျေးရွာ ၏ တောင်ဘက် (၁၂) မိုင်ခန့်ဝေးသော ကျွန်းနဲဘက်သို့ သွားရောက်နေထိုင်ပြီး နွားကျောင်း ကြ သည်။ နွားကို အဓိကထားမွေးပြီး ကြက်၊ ဝက်၊ သိုး၊ ဆိတ်များလည်းမွေးသည်။
- တန်ခူး၊ ကဆုန်၊ နယုန်လများတွင် အလုပ်အကိုင်ရှားပါးမှုကြောင့် အိမ်ထောင်စု (၁၀၀) နှင့် အမျိုးသမီး ၈၀% အလုပ်ထွက်လုပ်ကြရသည်။ အမျိုးသမီးများအတွက် **စက်ချုပ်သင်တန်းများ** ပေးခြင်းဖြင့်ဝင်ငွေရလုပ်ငန်းများ ရရှိလာနိုင်ပါသည်။
- သောက်သုံးရေကို အိမ်တိုင်ရာရောက် ရေမီတာ စနစ်ဖြင့်ရှိသောကြောင့်အဆင်ပြေသည်။ တစ်အိမ်ထောင်စုလျှင် ရေမီတာခ တစ်လ (၁၅၀၀/ ၂၀၀၀) ရှိပြီး မင်းခေါင်ရွာမှ ပိုက်လိုင်းဖြင့် စက်မောင်းတင်သော ရေဖြစ်သည်။ တစ်ခါတစ်ရံသွယ်တန်းထားသောပိုက်ပျက်စီးပြီး ရေပြ ပတ်လက်မှုများရှိသည်။
- သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို၊ တပို့တွဲလများတွင် တောင်သူရိတ်သိမ်းချိန် ဖြစ်သောကြောင့် ဝင်ငွေများ ရရှိသည် ။ ကျန်လများတွင်ဝင်ငွေနည်းသည်။ စိုက်ပျိုးရေး စရိတ် နှင့် အလုပ်အကိုင်အခွင့်အလမ်း နည်းသောကြောင့် ထွက်ငွေများသည်။
- တောင်သူများအတွက် စိုက်ပျိုးရေးနည်းပညာသင်တန်းများ၊စိုက်ပျိုးစရိတ်ချေးငွေများ ထောက်ပံ့ပေးနိုင်ပါကတောင်သူများပိုမိုအဆင်ပြေနိုင်မည်ဖြစ်ပါသည်။
- မွေးမြူရေးအတွက် မွေးမြူရေးသင်တန်း၊ချေးငွေများထောက်ပံ့ပေးပါက မွေးမြူရေးလုပ်ငန်း တွင်ကျယ်စွာဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

- **၆.၃။ကျေးရွာလူမှုရေးအရင်းအမြစ်ပြမြေပုံ နှင့် သုံးသပ်ချက်**



**သုံးသပ်ချက်**

- စိုက်ပျိုးရေးကို အဓိကထား ပြုလုပ်ပြီး မွေးမြူရေးကိုလည်းပြုလုပ်သည်။ မြေပဲကို အဓိကထားစိုက်ပြီး ဖရဲ၊ ငရုတ်၊ နှမ်း၊ ခရမ်းချဉ်နှင့် ပဲအမျိုးမျိုးလည်း စိုက်ပျိုးသည်။ ကျေးရွာတွင် လမ်းများမြေသားလမ်းများဖြစ်သောကြောင့် ပြုပြင်ရန်လိုအပ်သည်။ မြို့နယ်နှင့် လမ်းပန်းဆက်သွယ်ရေးအဆင်ပြေကောင်းမွန်ပြီး သောက်သုံးရေလည်း လုံလောက်သည်။
- ကျေးရွာအတွင်းတွင် နွမ်းပါးသူများနှင့် ချမ်းသာသူများ ရောနှောနေထိုင်ကြပြီး နွမ်းပါးသူ အများစုမှာ ရွာ၏ဘေးပတ်လည်တွင်ရှိကြသည်။ တစ်ရွာလုံး ဗမာ လူမျိုးများဖြစ်ပြီး ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသည်။
- ရာသီဥတု ပုံမှန်မရှိ၍ ဆိုးသောကြောင့် စိုက်ပျိုးရေးမှာ နှစ်စဉ်ထွက်ငွေပိုများနေသည်။ သဘာဝအရင်းမြစ်များဖြစ်သော သဲ၊ကျောက်များ ရွာ၏ဘေးပတ်လည်တွင် ရရှိနိုင်သည်။ သဲယာနှင့် တစ်နယ်မြေများရှိပြီး မြေပဲကို အဓိကထား စိုက်ပျိုးသည်။
- စာသင်ကျောင်းသည် မူလတန်းလွန်ကျောင်းဖြစ်ပြီး ကျောင်းသားများအတွက် ကျောင်းဆောင်နှင့် ကျောင်းခြံစည်းရိုး တည်ဆောက်ရန်လိုအပ်ပါသည်။
- လျှပ်စစ်မီးရရှိပြီးထရန်စဖော်မာတည်ဆောက်ကာ လမ်းတိုင်းနှင့် မီတာယူနိုင်သူများ အားမီး ပေးလျှက်ရှိပါသည်။
- ကျေးရွာအလယ်တွင် ဆေးပေးခန်းတည်ရှိပြီး သားဖွားဆရာမလည်းရှိပါသည်။
- ကျေးရွာရှိမိုးရေလှောင်ကန်သည် တိရိစ္ဆာန်များအတွင်သောက်သုံးရေရရှိပါသည်။
- လူထုဗဟိုပြုစီမံကိန်းမှ ပထမနှစ်တွင် အိမ်တိုင်ယာရောက်ရေပိုက်လိုင်းနှင့် ရေကန်တည် ဆောက်ခြင်း၊ ဒုတိယနှစ်တွင် ကျောက်ချောလမ်းခင်းခြင်းနှင့် ဂျင်းလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ပါသည်။
- တိုးတက်ရန်လိုအပ်သော အချက်များမှာ ကျောင်းခြံစည်ရိုးတည်ဆောက်ခြင်း၊ ကျောင်းဆောင်သစ်တည်ဆောက်ခြင်း၊ ကျေးရွာတွင်းလမ်းများကောင်းမွန်ရန်၊ လျှပ်စစ်မီး အိမ်တိုင်းရရှိရန် ၊ စိုက်ပျိုးရေး နည်းစနစ်နှင့်ချေးငွေ၊ မျိုးကောင်းမျိုးသန့်ရရှိရန်၊ အလုပ်အကိုင် အခွင့်အလမ်းများဖန်တီးပေးနိုင်ရန်တို့ဖြစ်သည်။


### ၆.၄။ပင်းပုံစံကို အသုံးပြု၍ အဖွဲ့အစည်းများချိတ်ဆက်ခြင်း




### သုံးသပ်ချက်

- ပို၍ နှစ်သက်သဘောကျသည်။ ကျေးရွာတွင်းရှိအဖွဲ့အစည်းများအားလုံးသည် သူ့အပိုင်း ကဏ္ဍနှင့်သူ လုပ်ဆောင်မှုများ ရှိကြသည်။
- လူထုဗဟိုပြု စီမံကိန်း ကော်မတီ ၊Pact Myanmar ၊မြစိမ်းရောင်၊ ပရဟိတနလုံးလှအဖွဲ့တွင် အမျိုးသမီး ဦးဆောင်မှုများ ရှိသည်။
- မြို့နယ်မှ အဖွဲ့အစည်းများနှင့် ချိတ်ဆက်လုပ်ဆောင်မှုများရှိသည်။
- ချေးငွေပြန်ဆပ်ရန်မလိုသော ထောက်ပံ့ပေးသည့် အဖွဲ့အစည်းများ ၊ ကျေးရွာဖွံ့ဖြိုးရေးအတွက် ပြုလုပ်သည့် အဖွဲ့အစည်းများအား ကျေးရွာလူထုမှ ပိုမိုသဘောကျကြသည်။


## ၆.၅။ပင့်ကူအိမ်ကွန်ယက်နှင့် သုံးသပ်ခြင်း




### သုံးသပ်ချက်

- အမျိုးသမီးများ ဆုံးဖြတ်ချက်ချပိုင်ခွင့်နှင့် စီမံခန့်ခွဲမှု၊ ဝင်ငွေရသည့် လုပ်ငန်းများနှင့် လုပ်ပိုင်ခွင့်တို့တွင် အမျိုးသားများထက် အားနည်းသည်။
- အမျိုးသမီးများသည် များသောအားဖြင့် အိမ်မှုကစ္စဖြင့်သာအချိန်ကုန်သည်။ ဝင်ငွေရလုပ်ငန်းများအတွက် လုပ်ဆောင်ရာတွင် အမျိုးသားများနှင့် တန်းတူ အခွင့်အရေးမရရှိကြပါ။ အမျိုးသမီးများ လုပ်ငန်းခွင်ပါဝင်မှု ၊ ဦးဆောင်မှုနှင့် ဆုံးဖြတ်ချက်ချမှုတို့တွင် အားနည်းနေသေးသည်။
- အမျိုးသမီးများကို ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် နေရာပေးခြင်းဖြင့် ဦးဆောင်နိုင်မှု ၊ ဆုံးဖြတ်ချက်ချနိုင်မှုနှင့် စီမံခန့်ခွဲမှုတို့ တိုးတက်လာနိုင်ပြီး မဝံ့မရဲစိတ်နှင့် သိမ်ငယ်စိတ်များလည်း ပျောက်ကွယ်သွားမည်ဖြစ်သည်။

## ၆.၆။သုံးစွဲမှုနှင့် ထိန်းချုပ်မှုဇယားနှင့် သုံးသပ်ချက်



သုံးစွဲမှုနှင့် ထိန်းချုပ်မှုဇယား

သုံးစွဲမှု

| အမျိုးသား | အမျိုးသမီး | အမျိုးသား၊ အမျိုးသမီး |
|---|---|---|
| လှည်း<br>ကား<br>ထွန်စက်<br>Chain Saw.<br>တောင်သူသုံးပစ္စည်း | အပ်ချုပ်စက် | လယ်ယာမြေ<br>ဆိုင်ကယ်<br>အိမ်<br>သစ်ပင်<br>ရေ<br>ငွေကြေး<br>ကုန်စုံဆိုင် |

ထိန်းချုပ်မှု

| အမျိုးသား | အမျိုးသမီး | အမျိုးသား၊ အမျိုးသမီး |
|---|---|---|
| ဆိုင်ကယ်<br>လယ်ထွန်စက်<br>တောင်သူသုံးပစ္စည်း<br>လှည်း | အပ်ချုပ်စက် | အိမ်<br>ဆိုင်ကယ်<br>ကုန်စုံဆိုင်<br>တောင်ယာ |

ပံ့ပိုးကူညီသူ

ကျေးရွာသူ၊သားများ

## သုံးသပ်ချက်

- အမျိုးသမီးများ အသုံးပြုသော ပစ္စည်းမှာ အပ်ချုပ်စက်ဖြစ်သည်။
- အမျိုးသားများ အသုံးပြုသော ပစ္စည်းများမှာ လှည်း၊ ကား၊ ထွန်စက်၊ Chain Sawနှင့် တောင်သူသုံးပစ္စည်းများ ဖြစ်ကြသည်။
- အမျိုးသား ၊ အမျိုးသမီးနှစ်ဦးစလုံးသုံးစွဲမှုများမှာ လယ်ယာမြေ၊ ဆိုင်ကယ်၊ သစ်ပင်၊ ရေ၊ ငွေကြေးနှင့် ကုန်စုံဆိုင် စသည်တို့ ဖြစ်ကြသည်။
- အရင်းအမြစ်များအား သုံးဆွဲမှုအပိုင်းတွင် တူညီမှုရှိသော်လည်း ထိန်းချုပ်မှုအပိုင်းတွင် အမျိုးသားများက ပိုများသည်။
- အမျိုးသားများက ထိန်းချုပ်မှုများသောကြောင့် အမျိုးသမီးများ၏ ဦးဆောင်နိုင်မှုအပိုင်း လျော့ကျလာနိုင်သည်။

### ၆.၇။ဦးစားပေးအစီအစဉ်ပြဇယား

**အမျိုးသားနှင့်အမျိုးသမီးများ၏အခက်အခဲများ**

| စဉ် | အမျိုးသား | အမျိုးသမီး |
|---|---|---|
| ၁ | ကျေးရွာတွင်းလမ်းများ မိုးတွင်း၌သွားလာရခက်ခဲ (မြေသားလမ်းများဖြစ်သောကြောင့်) | ရာသီမရွေးသွားလာရခက်ခဲ (မြေသားလမ်းများဖြစ်သောကြောင့်) |
| ၂ | ကျေးရွာတွင်းရွာပိုင်ပစ္စည်းထားရန်နှင့် အစည်းအဝေးပြုလုပ်ရန်ခက်ခဲ (စုရပ်ဆောင်) | ကျန်းမာရေးလက်လှမ်းမမှီ အခက်အခဲရှိ |
| ၃ | မူလွန်ကျောင် ခြံစည်းရိုးမလုံခြုံ၍ ခက်ခဲ ( ကလေးများအတွက်လုံခြုံမှုမရှိ) | ရွာဘုံပစ္စည်းထားရန် အဆောက်အဦးအခက်အခဲ ( စုရပ်ဆောင်) |
| ၄ | ကျန်းမာရေးစောင့်ရှောက်မှုအားနည်း၍ အခက်အခဲရှိ (ကျန်းမာရေးအသိပညာနည်းပါးခြင်း) | အလုပ်အကိုင်အခွင့်အလမ်းရှားပါးမှု အခက်အခဲ (စက်ချုပ်သင်တန်း) |
| ၅ | မူလွန်ကျောင်း စာသင်ဆောင် လုံလောက်မှုမရှိသော အခက်အခဲ | စာကြည့်တိုက်အခက်အခဲ |
| ၆ | အိမ်တိုင်းလျှပ်စစ်မီးမလင်းခြင်း | လျှပ်စစ်မီး မပြည့်စုံ၍ အခက်အခဲရှိ<br>( စီးပွားရေး၊ လူမှုရေး၊ ပညာရေး) |
| | | စာသင်ကျောင်းခြံစည်းရိုးမလုံခြုံခြင်း |

**အမျိုးသားနှင့်အမျိုးသမီးများ၏ နောက်(၄)နှစ် မျှော်မှန်းချက်များ**

| စဉ် | အမျိုးသား | အမျိုးသမီး |
|---|---|---|
| ၁ | တစ်ရွာလုံးကျောက်ချောလမ်းဖြစ်ချင် | ကတ္တရာလမ်းဖြစ်ချင် |
| ၂ | ကျေးရွာတွင် အဆောက်အဦးရှိချင် (စုရပ်ဆောင်) | တိုက်နယ်ဆေးရုံရှိစေချင် |
| ၃ | ကျောင်းအုတ်တံတိုင်းရှိချင် | ကျေးရွာတွင် အဆောက်အဦးရှိချင် (စုရပ်ဆောင်) |
| ၄ | ကျေးလက်ကျန်းမာရေး ဌာနရှိချင် | စာကြည့်တိုက်ရှိချင် |
| ၅ | ရေဆိုးမြောင်းရှိစေချင် | စက်ချုပ်သင်တန်းရှိချင် |
| ၆ | အိမ်တိုင်းလျှပ်စစ်မီးလင်းချင် | အိမ်တိုင်းလျှပ်စစ်မီးလင်းချင် |

| | | |
|---|---|---|
| ၇ | | ကျေးလက်ဈေးရှိချင် |

**ငါးမြောင်တောင်ကျေးရွာအမျိုးသားအမျိုးသမီးများဦးစားပေးရွေးချယ်ထားသောဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ**

| စဉ် | လုပ်ငန်း | အဆိုပြုသူ |
|---|---|---|
| ၁ | ကျောင်းဝန်းခြံစည်းရိုး(အုတ်တံတိုင်း) | ကျား၊ မ |
| ၂ | မူလွန်ကျောင်းဆောင်သစ်တည်ဆောက်ခြင်း | ကျား၊ မ |
| ၂ | ကျေးရွာတွင်း ဂျင်းလမ်းခင်းခြင်း | ကျား၊ မ |
| ၃ | ကျေးရွာစုရပ်ဆောင် ဆောက်လုပ်ခြင်း | ကျား၊ မ |
| ၄ | အိမ်တိုင်းစေ့ လျှပ်စစ်မီးလင်းရေး | ကျား၊မ |
| ၅ | စာကြည့်တိုက် | မ |
| ၆ | ကျန်းမာရေးဌာနအဆင့်မြှင့်တင်ခြင်း | ကျား၊မ |
| ၇ | စက်ချုပ်သင်တန်း | မ |
| ၈ | ကျေးလက်ဆေးတည်ဆောက်ခြင်း | ကျား၊မ |
| ၉ | အားကစားကွင်းတည်ဆောက်ခြင်း | မ |
| ၁၀ | ရေဆိုးမြောင်းတည်ဆောက်ခြင်း | ကျား၊မ |

ကျေးရွာမျှော်မှန်းချက် လေ့ကျင့်ခန်းမှ ရရှိလာသောရလဒ်

| | |
|---|---|
| ကျေးရွာ၏ မျှော်မှန်းချက် | လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး စီးပွားရေး၊လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးများ တိုးတက်ကောင်း မွန်လာရမည်။လျှပ်စစ်မီးရရှိပြီး အချိန်မရွေး သွားလာနိုင်ကာ၊စိုက်ပျိုးရေး၊မွေးမြူရေး၊အိမ်တွင်းမှု အသက် မွေးဝမ်းကျောင်း နည်းပညာများကို အချိန်နှင့်တပြေးညီ သိရှိနိုင်လာရမည်။ |
| အနာဂတ်တွင် ကျေးရွာ ပိုမိုဖွံ့ဖြိုး တိုးတက်ရန်ကျေးရွာ သားများ၏မျှော် မှန်း ထားရှိမှု | လူထုဗဟိုပြုစီမံကိန်းမှ တိုက်ရိုက်ထောက်ပံ့ငွေကို အသုံးချပြီး သဘာဝဘေး၊ ပညာရေး၊ ရွာတွင်းလမ်း များကောင်းမွန်လာ စေရန်နှင့် လျှပ်စစ်မီးများရရှိလာ လျှင် အလင်းရောင်ရရှိလာမည်ဖြစ်သည်။ကျေးရွာတွင်း ရှိ လူငယ်များ လမ်း မှားမရောက်စေရန်အတွက်ကျေးရွာစာကြည့်တိုက်တစ်ခုရှိချင်ပါသည်။<br>အကောင်အထည် မဖော်နိုင်သောလုပ်ငန်းများကို သက်ဆိုင်ရာဌာန များ နဲ့ ချိတ်ဆက်လုပ်ကိုင်မှုများ ပြုလုပ်မည်။မြို့နယ် အတွင်းသို့ အစိုးရမဟုတ်သော အဖွဲ့အစည်းများ ဝင်ရောက်မှုများရှိပါက ကျေးရွာလိုအပ်ချက်များကို တင်ပြ၍ အကူအညီတောင်းခံများပြုလုပ်မည်ဖြစ်ပါသည်။ |

**အမျိုးသမီးကဏ္ဍအစည်းအဝေးမှတ်တမ်းနှင့် စစ်ဆေးရမည့်အချက်များ**

**၁။အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း**

စီမံကိန်းပထမနှစ်အတွက်ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန်ဖိတ်ကြားရာတွင်အမျိုးသမီးများ အချိုးညီစွာပါဝင်ရန်ကျေးရွာတာဝန်ရှိသူများနှင့်အုပ်ချုပ်ရေးမှူးထံသို့ပြောကြားခဲ့ပါသည်။အစည်းအဝေး တိုင်းတွင်အမျိုးသမီးများပြောကြားလိုသောအချက်များကိုလွတ်လပ်ပွင့်လင်းစွာပြောကြားနိုင်ကြောင်း ကိုလည်းအသိပေးထားပါသည်။ကျေးရွာအုပ်စုအဆင့်တွင်နှစ်စဉ်ပြုလုပ်သောလုပ်ငန်းများတွင်အမျိုးသ မီးများတင်ပြတောင်းဆိုသောလုပ်ငန်းတခုပါဝင်မည်ဖြစ်ကြောင်းကိုလည်းပြောကြားခဲ့ပါသည်။လုပ်ငန်း ခွဲများအကောင်အထည်ဖော်ဆောင်ရွက်သောလုပ်ငန်းဖြစ်ပါကတူညီသောအလုပ်အတွက်တူညီသော လုပ်အားခများရရှိမည်ကိုလည်းပြောကြားခဲ့ပါသည်။စီမံကိန်းတွင်အမျိုးသားအမျိုးသမီးခွဲခြားမှုမရှိစေရန် နှင့်စီမံခန့်ခွဲမှုစွမ်းရည်များတိုးတက်လာစေရန်အတွက်ကော်မတီများထဲတွင်အမျိုးသမီးများ(၅၀%)ပါဝင် ရမည်ဖြစ်သည်။ဆပ်ကော်မတီတခုတိုင်းတွင်လည်းအနည်းဆုံးအမျိုးသမီးတဦးပါဝင်ရမည်ဖြစ်ပါသည်။ ကော်မတီဝင်အမျိုးသမီးများသည်တင်ပြဆွေးနွေးမှုများပြုလုပ်ခြင်း၊ဆုံးဖြတ်ချက်များချခြင်းများပြုလုပ်ရ မည်ဖြစ်ပါသည်။အမျိုးသားများမှလည်းကူညီပံ့ပိုးပေးရမည်ဖြစ်ပါသည်။ဒုတိယအကြိမ်အစည်းအဝေးမျာ းတွင်အမျိုးသမီးများသည်လိုအပ်ချက်အခက်အခဲများကိုလွတ်လပ်စွာဆွေးနွေးနိုင်ရန်အမျိုးသမီးသီးသ န့်အုပ်စုများဖွဲ့ပြီးအခက်အခဲများဖော်ထုတ်ခြင်းကိုလည်းလုပ်ကိုင်ခဲ့ပါသည်။

## ၂။ကျေးရွာမိတ်ဆက်အစည်းအဝေးတွင် အမျိုးသမီးများအတွက် စောင့်ကြည့်စစ်ဆေးရမည့် အချက်များ

ကျေးရွာ/ကျေးရွာအုပ်စုအမည်- ငါးမြောင်တောင်ကျေးရွာ၊ ဇရပ်ကုန်းကျေးရွာအုပ်စု

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် | | မှတ်ချက် |
|---|---|---|---|---|
| | | √ | | |
| ၁။ | အစည်းအဝေးတက်ရောက်လူသူများအားကျား၊မရေးရာ အခြေခံသဘောတရားများကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂။ | စီမံကိန်းပါဝင်သော ကျား၊မရေးရာ အကောင်အထည်ဖော်ရေး လိုအပ်ချက်(၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃။ | အစည်းအဝေးခေါ်ယူရာတွင်အမျိုးသား/သမီးများ အချိုးညီစွာ တက်ရောက်နိုင်ရေးအတွက်အသိပေးတိုက်တွန်းစည်းရုံးခဲ့ တာမျိုး ရှိခဲ့ပါသလား။ | √ | | |
| ၄။ | အမျိုးသမီးများ၏စကားသံများ၊ပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ်လာအောင် ဖန်တီးပေးခဲ့ ပါသလား။ | √ | | |
| ၅။ | ဆပ်ကော်မတီဖွဲ့များဖွဲ့စည်းရာတွင်အမျိုးသမီးများပါဝင်ဖွဲ့စည်းရေး ၊ပူးပေါင်းပါဝင်ရေးဦးဆောင်နိုင်ရေးအတွက်တွန်းအားပေး ကူညီဆောက်ရွက်ခဲ့ပါသလား။ | √ | | |
| ၆။ | အစည်းအဝေးကိုအမျိုးသား/သမီးများအလွယ်တကူပါဝင်တက်ရောက်နိုင်သောအချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောက်ရွက်ခြင်းများတို့ကိုလုပ်ဆောင်ခဲ့ပါသလား။ | √ | | |
| ၇။ | လူနည်းစု၊ဆင်း၊နွမ်းပါး၊ထိခိုက်လွယ်သောအုပ်စုများကို အစည်းအဝေးမစတင်မှီအချိန်များကရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသလား။ | √ | | |
| ၈။ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သော အမျိုးသား/သမီးများထဲမှအချို့ကိုအစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုးရှိခဲ့ပါသလား။ | √ | | |
| ၉။ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/အမျိုးသမီးများနှင့် ကြုံတွေ့နေရ သောအခက်အခဲများကို သင်ဆွေးနွေး | √ | | |

| | | | | |
|---|---|---|---|---|
| | မေးမြန်းခဲ့တာမျိုး ရှိပါသလား။ | | | |
| ၁၀။ | အမျိုးသမီးများပြောဆိုတင်ပြနိုင်အောင်အချိန်ပေးရန်၊ ကြိုတင်စီစဉ်ဆောင်ရွက်မှု မျိုးများဆောင်ရွက်ခဲ့တာများ ရှိပါသလား။ | √ | | |
| ၁၁။ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင် အမျိုးသား/သမီးများ သီးခြားဆွေးနွေး ဖော်ထုတ်ဆောင်ရွက်ခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၂။ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဖွဲ့စည်းရာတွင် အမျိုးသမီး၊အမျိုးသားအချိုးညီမျှစွာ(၅၀:၅၀)ဖွဲ့စည်း နိုင်ခဲ့ပါသလား။<br>**မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၃။ | ဆပ်ကော်မတီများတွင်အနည်းဆုံးအမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။<br>**မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၄။ | ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ ရွေးချယ်ဆုံးသည့်လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံးဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၅။ | တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အမျိုးသမီးရွေးချယ်လိုက်သော ဦးစားပေး ရွေးချယ်မှုများကိုထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အသိပေး ပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆။ | ရွေးချယ်လိုက်သောစီမံကိန်းလုပ်ငန်းခွဲများသည်ဒေသတွင်း မှာရှိသော လူနည်းစု/ဆင်းရဲ/ နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင်မည်ဖြစ်ကြောင်းရှင်းလင်း ပြောကြားခြင်း၊ မှတ်တမ်းတင်ခြင်းများတို့ကို ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇။ | ကျေးရွာအုပ်စုအဆင့်အစည်းအဝေးပြုလုပ်ရာတွင်အုပ်စု စီ/ထောက် ကော်မတီဝင်များကို ကျား၊မရေးရာလိုအပ်ချက်များ အကြောင်းကိုရှင်းလင်းပြောကြားခဲ့ပါသလား။ | √ | | |
| ၁၈။ | ကျေးရွာအုပ်စုအဆင့်အစည်းအဝေးပြုလုပ်ရာတွင်အုပ်စု စီ/ထောက် ကော်မတီဝင်များ အားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။ | √ | | |

| | | | | |
|---|---|---|---|---|
| | မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။ | | | |

၇။ကော်မတီဝင်များ ရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ

(၁)အမျိုးသားအမျိုးသမီး ပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း



(၂)ကျေးရွာသူရွာသား များကိုယ်တိုင် ပူးပေါင်းပါဝင် လုပ်ဆောင်ခြင်း မှတ်တမ်းဓါတ်ပုံ




(၃)ကျေးရွာ ဖွံ့ဖြိုးရေး အစီစဉ် ရေးဆွဲနေစဉ်



(၄)ကျေးရွာ ကော်မတီဝင်များ ရွေးချယ်ပြီးစီးခြင်း မှတ်တမ်းဓာတ်ပုံ



## ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီဖွဲ့စည်းပုံ နှင့် ကော်မတီဂင်များစာရင်း




**<u>ကျေးရွာ စီမံကိန်းအထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ နှင့် အဖွဲ့ဂင်</u>**

ဥက္ကဋ္ဌ(ကျား) = ဦးဂင်းမြင့်(09-442939425)
ဥက္ကဋ္ဌ(မ) = ဒေါ်ညွန့်ညွန့်ဌေး(09-791765367)
အဖွဲ့ဂင် = ဦးဂင်းသူ (09-970885537)

**<u>ကျေးရွာစာရင်းကိုင်</u>**

စာရင်းကိုင် = ဦးနိုင်လင်း

**<u>ဂယ်ယူရေးဆပ်ကော်မတီ</u>**

အဖွဲ့ခေါင်းဆောင်(ကျား) = ဦးသန်းလွင်(09-252322910)
အဖွဲ့ဂင် (ကျား) =ဦးသန့်ဇင်ဦး(773242194)
အဖွဲ့ဂင် (မ) =ဒေါ်အေးအေးနိုင်(09-789200448)
အဖွဲ့ဂင် (မ) = ဒေါ်ခင်ကြည်

**<u>လုပ်ငန်းလည်ပတ်ပြုပြင်ထိန်းသိမ်းရေးကော်မတီ</u>**

အဖွဲ့ခေါင်းဆောင်(ကျား) = ဦးသိန်းလင်း
အဖွဲ့ဂင် (ကျား) =ဦးသန့်ဇင်ဦး

အဖွဲ့ဝင် (မ) =ဒေါ်သိန်း
အဖွဲ့ဝင် (မ) =ဒေါ်သောင်းငွေး

**<u>စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ</u>**

အဖွဲ့ခေါင်းဆောင်(ကျား) = ဒေါ်အေးကျော်(09-790845542)
အဖွဲ့ဝင် (ကျား ) = ဦးအေးမင်း (09-780890121)
အဖွဲ့ဝင် (မ) =ဒေါ်မော်
အဖွဲ့ဝင် (မ) =ဒေါ်ခင်စိုးဝင်း

**<u>ဝေဖန်အကြံပြုတိုင်ကြားရေးတာဝန်ခံ</u>**

အမျိုးသားတာဝန်ခံ = ဦးဆန်းယု
အမျိုးသမီးတာဝန်ခံ = ဒေါ်မိုးစန်းကြည်

**စေတနာ့ဝန်ထမ်း(အမျိုးသား) =** ဦးကျော်စိုး (09-798624379)
**စေတနာ့ဝန်ထမ်း(အမျိုးသမီး) =** ဒေါ်ယဉ်အေး (09-767699187)

**၈။ ကျေးရွာအချက်အလက်ပုံစံ (ပုံစံ-၁)**

## Cycle (1)

လူထုဗဟိုပြုစီမံကိန်း၊စီမံကိန်းလက်စွဲ

အပိုင်း-၃ ၉.၉.၂၀၁၅

**ပုံစံ-၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)**

| | | | |
|---|---|---|---|
| [redacted] ကျေးရွာတစ်ရွာသို့ ပထမဆုံး မိတ်ဆက်ခရီးသွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေး [redacted] အားကျေးရွာအချက်အလက်များကိုမေတ္တာရပ်ခံ၍တောင်းခံရသည်။ဤအချက်အလက်များကိုစီမံကိန်းမိတ်ဆက်အ [redacted] ပိုတောင်းခံရမည်။စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအားစစ်ဆေးပြီးမှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့်ဖြည့်သွင်းရမည်။ | | | |
| ကျေးရွာအုပ်ချုပ်ရေးမှူးအမည် ဦးထွန်းတင် | | ကျေးရွာအုပ်ချုပ်ရေးမှူး ၏ဖုန်းနံပါတ် ၀၉-[illegible] | လူထုစည်းရုံးရေးမှူး၏အမည် ဒေါ်ခင်စုနိုင် |
| ပြည်နယ်၊တိုင်းဒေသကြီး [illegible] | မြို့နယ် [illegible] | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |

**က. လူဦးရေ**

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၂၆၄ | ဘာသာ(၁) ဗုဒ္ဓဘာသာ | ၂၆၄ |
| လူမျိုးစု (၂)------------ | | ဘာသာ(၂)------------ | |
| လူမျိုးစုရော------------ | | ဘာသာရော------------ | |

| | အမျိုးသား(အရေအတွက်) | အမျိုးသမီးအရေအတွက် |
|---|---|---|
| လူဦးရေ | [illegible] | [illegible] |
| အိမ်ထောင်ဦးစီး | [illegible] | [illegible] |

**(ခ)လက်လှမ်းမီအသုံးပြုနိုင်သည့်အဆောက်အဦးများ**

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေးအဆောက်အဦ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☑ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☑ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် ရှေ့သွားနှီးကျောင်း | | မှတ်ချက် | | မှတ်ချက် | |

လူထုဗဟိုပြုစီမံကိန်းစီမံကိန်းလက်စွဲ
အပိုင်း-၃ ၉.၉.၂၀၁၅

(ဂ)ကျွမ်းကျင်သူများမှတ်တမ်း ၊ ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သောကျွမ်းကျင်သူများ

| (၁)စာသင်ကျောင်း | | | (၂)ကျန်းမာရေး | | | (၃)လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ၊ဆရာမ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာဆရာမ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ၊ဆရာမ | ☑ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☑ | ☑ | လျှပ်စစ်ဆိုင်ရာ လုပ်သား | ☑ | ☐ |
| မူကြိုဆရာ၊ဆရာမ | ☐ | ☐ | အရံသားဖွား | ☑ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား (၁)/(၂) | ☑ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် ရွှေဘုံသာကျောင်းအုပ်ဆရာမ ဖြောင် ၊ ရွှေပေါက်ပင် ၊ ရေပုံကန် | | | မှတ်ချက် | | | မှတ်ချက် | | |

**(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့်လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ(အောက်ပါတို့ကိုဝိုင်းပါ)**

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း ✓ မြေသားလမ်း လူသွားလမ်း အခြား ဂျင်းလမ်း

**(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်** ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? ✓ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ် ၂၀၀၅ /မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ✓ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ဗဟိုမှ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၂ မိုင် ၃ ဖာလုံ /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိသွားလာရာတွင်ကြာမြင့်သည့်အချိန်

ခြောက်သွေ့ရာသီတွင်ကြာချိန် ၁၀ မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်✓/ခြေလျင်/လား/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန် ၁၅ မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်✓/ခြေလျင်/လား/မော်တော်ဘုတ်/
အခြား ------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာသဘာဝဘေးအန္တရာယ် -**

ဤကျေးရွာတွင်ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်းရှိပါသလား။

☑မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ-----------------------------------

လူထုဗဟိုပြုစီမံကိန်း၊စီမံကိန်းလက်စွဲ

အပိုင်း-၃ ၉.၉.၂၀၁၅

**(ဓ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ(သို့)ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ကျောင်း ကော်မတီ


(၂) ရေအသုံးပြု ကော်မတီ၊ လူမှု ကူညီရေးအသင်း

ကျေးရွာခေါင်းဆောင် အမည် ဦးဝင်းတင့်

လက်မှတ် [signature] နေ့စွဲ ၃.၂.၂၀၁၆

လူထုစည်းရုံးရေးမှူး အမည် ဒေါ်ခင်စုနိုင်

လက်မှတ် နိုင် နေ့စွဲ ၃.၂.၂၀၁၆



## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| *လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦး[illegible] | ၀၉-၂၅၆၅၃၆၄၈၈ | ဦး[illegible] |

| | | | |
|---|---|---|---|
| ပြည်နယ်၊တိုင်းဒေသကြီး [illegible] | မြို့နယ် [illegible] | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |

• က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ဗမာ--- | ၂၆၄ | ဘာသာ (၁) ---ဗုဒ္ဓ--- | ၂၆၄ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၄ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၅၂ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)--ဗမာ-- | ၅၀၃ | ၅၄၀ |
| လူမျိုးစု (၂)----------- | | |
| လူမျိုးစု (၃)----------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၂၃၃. | ၃၀ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☑ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| အလယ်တန်းကျောင်း | ☑ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☐ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | | ဆေးပေးခန်း | ☑ | | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | အခြား | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
